dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"Aung Sann's legacy inspire young generation?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ဒီကနေ့ခေတ်ရဲ့ဂန်းကျင်ထဲက မျိုးဆက်တွေဆီမှာ ဗိုလ်ချုပ်ရဲ့ အသက်အရွယ်က ရည်အသွေးမျိုးနဲ့ လူငယ်တွေပေါ်ထွက်ရဲ့လား" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ထုဆစ်ပေးခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး မြန်မာ့သမိုင်းအတွက် ကြီးကျယ်ခန်းနားစွာ တည်ရှိခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် လာမည့် ၁၃ ရက်နေ့တွင် အသက် နှစ် ၁၀၀ ပြည့်မြောက်သွားပြီ ဖြစ်သည်။

၃၀ကျော် သက်လတ်ပိုင်း ငယ်နသည့် အရွယ်ကောင်းဘဝ၌ပင် ကွယ်လွန်သွားခဲ့ရသော်လည်း ဗိုလ်ချုပ်၏ အရည်အသွေးစံတို့မှာမူ  ယနေ့ထိတိုင် အားကျကုန်နိုင်ဖွယ်ဟုတင်စားရသော် ငြင်းနိုင်ဖွယ် ရှိမည်မထင်ပေ။

၁၉၁၅ခု၊ဖေဖော်ဝါရီလ ၁၃ ဂုက်နေ့တွင် ဖွားမြင်ခဲ့သည့် ထိန်လင်းခေါ်အောင်ဆန်းခေါ် ဗိုလ်ချုပ်အောင်ဆန်းမှာ အသက်ခုနစ် နှစ်အရောက်မှသာ ကျောင်းစတင်နေခဲ့သူဖြစ်သကဲ့သို့ ဉာဏ်မြင့်၍ အတန်းများကျော်လွှားကာ တက်ရောက်ခွင့်ရခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့ပေသည်။

ဗိုလ်ချုပ် အကြောင်းပြောရာ၌ ဗိုလ်ချုပ်၏ ဉာဏ်ရည်ဉာဏ်သွေးတို့အပြင် ဗိုလ်ချုပ်ကျင်လည်ခဲ့ရာ ခေတ်နှင့်ပတ်ဂန်းကျင် ၊ ဗိုလ်ချုပ်အားကျ စံနမူနာယူသူတို့မှာလည်း အဓိက ကျလှပေသည်။ ဗိုလ်ချုပ်မည်သူတို့ကို အားကျ၍ မည်သို့ကျင့်သုံးနေထိုင်ခဲ့ပါသနည်း။ စံပြပုဂ္ဂိုလ်ဟူသည် အရည်အသွေးရှိလူငယ်များ အတွက်သာမက လူအယောက်တိုင်းစီအတွက် ခေတ်တိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပေသည်။

လေ့လာဆန်းစစ်သူများက ဗိုလ်ချုပ်တို့ခေတ် လူငယ်ခေါင်းဆောင်များမှာ အင်္ဂလိပ်စာနိုင်နင်းသည့် အတွက် စာဖတ်အားကောင်းပြီး များစွာဖြည့်ဆည်းမှုရှိကြကြောင်းနဲ့ ဘာသာစကားကို လက်နက်အဖြစ် အသုံးချနိုင်ကြသည်ဟု ဆိုသည်။ ဤသည်မှာတော့ ယနေ့ခေတ်နှင့် ထူးမခြားနား ဟုဆိုနိုင်မည်ဖြစ်သော်လည်း လက်နက်တစ်ခု သဖွယ်ပြန်လည်အသုံးချမှု ဆိုလျှင်ကား မည်သည့်လက်နက်အဖြစ် ပြောင်းလဲအသုံးချကြသနည်း မေးရပေမည်လော။

ခေတ်ကာလအရ အခြေအနေများကွာခြားလျက်ရှိနေခဲ့သော်လည်း ရွှေ့လျားလျက်ရှိသည့် ခေတ်အလိုက်အားဖြင့်မူ သူ့အရပ်နှင့်သူ့ဇာတ် ဆိုသကဲ့သို့ သူ့ခေတ်အခါနှင့်သူ ဂန်ထုပ်ဂန်ပိုး များ ထမ်းရွက်ကြရမည်ဖြစ်ပေသည်။ လူတစ်ယောက်၏ အရည်အသွေး နှုန်းစံများ ပေါ်ထွက်လာနိုင်ရန် အတွက် ခေတ်ကာလတစ်ရပ်၏ အခြေအနေက မည်မျှအထိ တွန်းအားပေးနိုင်၊ လှုံ့ဆော်နိုင်ပါသနည်း။

ယနေ့နည်းပညာများ ထွန်းကားကျယ်ပြန့်လာခြင်းကြောင့် ကမ္ဘာကြီးပင် လုံးရာမှပြားခဲ့ရလေပြီ ဖြစ်ပြီး စစ်တိုက်စရာမလိုဘဲ ကျွန်ပြုနိုင်သည့် ခေတ်အဖြစ်သို့ရောက်ရှိလာပြီဟု ဆိုကြသည့် ယနေ့ခေတ်သစ်တွင်  ကွန်ပျူတာ၊အင်တာနက် တို့မှတစ်ဆင့် ထိုင်ရာမထ စာကြည့်တိုက်ကြီးများအရောက် လှမ်းနိုင်သည့် ပညာပြတင်းပေါက် ကျယ်ကျယ်ပွင့်သွားခဲ့ရာ ယင်းတို့မှ ဖြတ်သန်းသူတို့ အဘယ်စံတို့ဖြင့် ချီတက်နေကြပါသနည်း။ ကျွန်ုပ်တို့ပြည်ကိုချစ်ခင်နှစ်သက်ရန်၊ ကိုယ့်လူမျိုးများထံမှ အားကျချင့်စဖွယ် အမွေအနှစ်တို့ကို မျိုးဆက်သစ်များထံ မည်မျှအထိ ဖြန့်ဖြူးနိုင်ပါပြီနည်း။

ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် အနာဂတ်မျိုးဆက်များထံ မြန်မာ့ခေါင်းဆောင်ကောင်းတို့၏ အမွေအနှစ် မည်မျှရောက်ရှိသွားခဲ့ပြီလဲ ၊မြန်မာ့လူငယ်များ အရည်အသွေးဆက်ခံမှု မည်မျှ ရှိသလဲ စတာတွေကို တီးခေါက်ဆွေးနွေးကြည့်ကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

"ဗိုလ်ချုပ်ရဲ့ဘဝ၊ ဗိုလ်ချုပ်ရဲ့ သမိုင်းကို လေ့လာရင် အတုယူစရာတွေ အများကြီးပါ။ လူငယ်လေးတွေ အတုယူတတ်ပြီး နောင်တစ်ချိန်အတွက် ခေါင်းဆောင်ကောင်းတွေ ဖြစ်လာပါစေလို့ ဆုတောင်းလိုက်ပါတယ်။"
**ဘိုဘိုကျော်ငြိမ်း** -  မြန်မာ့နိုင်ငံရေးလေ့လာသူ။

"ကျွန်တော်ဆို ချင်တာက ကမ္ဘာတွင် သည်လောက်အသက် ငယ်ငယ်ရွယ်ရွယ်နှင့် သည်လိုထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မျိုး ကျွန်တော်တို့နိုင်ငံမှာပဲ ပေါ်ထွန်းခဲ့ပါသည်။ ဗိုလ်ချုပ်၏ အရည်အသွေးသည် တခြားမည်သည့်နာမည်ကျော် ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့်မဆို ယှဉ်နိုင်သည်ဟု ကျွန်တော်ကတော့ ယုံကြည်ပါသည်။"
**ထင်အောင်ကျော်** - ဆောင်းပါးရှင်။

## *Information links:*

www.thevoicemyanmar.com
www.news-eleven.com
www.dvbdebate.net
www.Burmese.dvb.no